TREATIES AND OTHER INTERNATIONAL ACTS SERIES 13-627

# ECONOMIC AND TECHNICAL COOPERATION

**Agreement Between the**

**UNITED STATES OF AMERICA**

**and MYANMAR**

Signed at Nay Pyi Taw June 27, 2013

NOTE BY THE DEPARTMENT OF STATE

Pursuant to Public Law 89—497, approved July 8, 1966 (80 Stat. 271; 1 U.S.C. 113)—

". . .the Treaties and Other International Acts Series issued under the authority of the Secretary of State shall be competent evidence . . . of the treaties, international agreements other than treaties, and proclamations by the President of such treaties and international agreements other than treaties, as the case may be, therein contained, in all the courts of law and equity and of maritime jurisdiction, and in all the tribunals and public offices of the United States, and of the several States, without any further proof or authentication thereof."

# MYANMAR

## Economic and Technical Cooperation

*Agreement signed at Nay Pyi Taw June 27, 2013;*
*Entered into force June 27, 2013.*

AGREEMENT FOR ECONOMIC AND TECHNICAL COOPERATION
BETWEEN
THE GOVERNMENT OF THE UNITED STATES OF AMERICA
AND
THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR

**THIS AGREEMENT FOR ECONOMIC AND TECHNICAL COOPERATION** (this "Agreement") is between the Government of the United States of America ("Government of the United States") and the Government of the Republic of the Union of Myanmar ("Government of Myanmar"), together the "Parties" or each individually, a "Party."

**NOW, THEREFORE,** in consideration of the rights and responsibilities set forth in this Agreement, the Parties agree as follows:

## ARTICLE 1
## SCOPE OF AGREEMENT

This Agreement sets forth the general terms and conditions to be applied to economic, technical and humanitarian assistance that may be furnished by the Government of the United States in Myanmar. The furnishing of such assistance shall be subject to applicable United States laws and regulations. Such assistance may be made available in accordance with arrangements agreed upon by representatives of the appropriate agency or agencies of the Government of Myanmar and representatives of the agency or agencies designated by the Government of the United States to administer its responsibilities hereunder, or other representatives designated by the aforementioned Governments. Assistance may also be made available through other arrangements involving United States Government agencies, non-governmental organizations, individuals, private firms, public international organizations or other entities.

## ARTICLE 2
## RESPONSIBILITIES OF THE GOVERNMENT OF MYANMAR

The Government of Myanmar shall:

1. Make the full contribution permitted by its personnel, facilities, and general economic conditions in furtherance of the purposes for which assistance is made under this Agreement.

2. Take appropriate steps to ensure the effective use of such assistance.

3. Cooperate with the Government of the United States to assure that procurement will be at reasonable prices and on reasonable terms and that determinations made with respect to disposition of assets financed under this Agreement after projects have ended is consistent with mutually agreed upon priorities.

4 Permit, without restriction, continuous observation and review by the United States' representatives of programs and operations covered by this Agreement and records pertaining thereto, including the right during the period of any program or transaction and for three years thereafter to:

(a) examine property procured through financing by the Government of the United States for purposes of this Agreement; and

(b) inspect and audit any records and accounts with respect to funds provided, and to any properties or contract services procured through financing by the Government of the United States for purposes of this Agreement.

5. Bear a fair share of the costs of cooperative technical assistance programs under this Agreement, which may be satisfied with cash or in-kind contributions or both.

6. To the maximum extent possible, seek full coordination and integration of technical cooperation programs being carried on in Myanmar and also cooperate with other nations participating in such programs in the mutual exchange of technical knowledge and skills.

## ARTICLE 3
## SPECIAL ACCOUNT

1. In any case where commodities or services are furnished on a grant basis under arrangements which result in the accrual of local currency proceeds to the Government of Myanmar from the import or sale of such commodities or services, the Government of Myanmar, except as may otherwise be mutually agreed upon by the representatives referred to in Article 1 hereof, will establish, in its own name, an appropriate bank account, and deposit promptly in such account the amount of local currency equivalent to such proceeds.

2. Upon notification from time to time by the Government of the United States of its local currency requirements, the Government of Myanmar will make available to the Government of the United States, in the manner requested by that Government, out of any balance in the special account, such sums as are stated in such notifications to be necessary for such requirements.

3. The Government of Myanmar may draw upon any remaining balances in the special account for such purposes beneficial to Myanmar as may be agreed upon from time to time by the representatives referred to in Article 1 of this Agreement.

4. Upon termination of assistance to the Government of Myanmar under this Agreement, any unencumbered balances of funds which remain in the special

account shall be disposed of for such purposes as may be agreed upon by the aforesaid representatives of the Parties.

## ARTICLE 4
## SPECIAL MISSION

The Government of Myanmar shall receive a special mission ("Special Mission") from the Government of the United States. This Special Mission may implement and discharge its responsibilities under this Agreement in offices located on the U.S. Embassy compound or in a separate location. In either case, the Special Mission shall enjoy privileges and immunities as are extended to the premises, property, and archives of the diplomatic mission of the United States, including, for example, inviolability of premises, property and archives and the privilege of free communication.

## ARTICLE 5
## IMMUNITIES

1. The Government of the United States and the Government of Myanmar agree that the United States Government personnel (and their family members forming part of their household) who are present in Myanmar to perform work in connection with this Agreement, and who are part of the diplomatic mission, shall enjoy privileges and immunities equivalent to those accorded to embassy personnel of comparable rank under the Vienna Convention on Diplomatic Relations of 1961. Nothing in this Agreement shall be construed to derogate from privileges and immunities granted to such personnel under other agreements.

2. The immunities provided under paragraph 1 are not applicable to citizens or permanent residents of Myanmar.

3. Without prejudice to the immunities provided under paragraph 1, it is understood that the personnel covered by that paragraph have a duty to respect the laws of Myanmar.

## ARTICLE 6
## PRIVILEGES AND EXEMPTIONS

In order to ensure the maximum benefits to the people of Myanmar from the assistance to be furnished hereunder, whether initiated before or after the effective date of this Agreement:

1. Any goods, supplies, materials, equipment, property, services or funds introduced into, acquired or used in Myanmar by the Government of the United States, or by any person or entity (including but not limited to contractors and grantees) financed by the Government of the United States, as part of, or in conjunction with, the assistance provided hereunder, are exempt from any and all taxes, including any value-added taxes or other similar charges. Such goods,

supplies, materials, equipment, property, services or funds are also exempt from any and all tariffs, customs duties, investment or deposit requirements or similar charges, and from currency controls. Such goods, supplies, materials, equipment, property, services, or funds may be exported from Myanmar or sold or transferred to another person or entity in Myanmar that is exempt from taxation and shall be exempt from any and all taxes, including value-added taxes or other similar charges, tariffs and customs duties on such export, sale, or transfer. provided that, any such goods, supplies, materials, equipment, property, services, or funds sold or transferred to another person or entity in Myanmar that is not exempt from taxation may be subject to applicable tax. No tax (whether in the nature of an income, profits, business, rent, value-added, gross receipts, sales or other tax, duty, or fee of any nature, except fees which are commensurate with specific services rendered) shall be imposed in connection with work performed under this Agreement upon any person or entity (including but not limited to contractors and grantees) financed by the Government of the United States under the assistance furnished hereunder.

2. In addition to personnel covered by Article 5(1) above, all other personnel (and family members forming part of their households), except citizens and permanent residents of Myanmar, who the Government of the United States, or any agency thereof, employs (whether by direct hire, contract or other arrangement) or finances (whether by contract, grant or otherwise with any person or entity) and who are present in Myanmar to perform work in connection with this Agreement are exempt from:

(a) income and social security taxes levied under the laws of Myanmar with respect to income derived from activities under this Agreement;

(b) taxes (including but not limited to, sales or value-added taxes) on any of the following: (i) services or funds intended for their own use, (ii) residential leases for their own use, and (iii) the purchase, ownership, use, or disposition of personal movable property (including vehicles) for their own use and the sale or transfer of such property to another person or entity exempt from taxation either under this Agreement or the laws of Myanmar; and

(c) customs, import and export duties on all personal effects (including vehicles), goods, equipment, supplies, services, or funds imported into Myanmar for their own use, and from all other duties and fees of whatever nature, and, at the end of the work performed under this Agreement, any such personal effects (including vehicles), goods, equipment , supplies, services, or funds that are exported from Myanmar or sold or transferred to another person or entity in Myanmar that is exempt from taxation, shall be exempt from any and all taxes, including value-added taxes or similar charges, tariffs, and customs duties on such export, sale or transfer; provided that, any such personal effects(including vehicles), goods,

equipment, supplies, services, or funds that are sold or transferred to a person or entity in Myanmar that is not exempt from taxation may be subject to applicable tax.

3. The Government of Myanmar will issue expeditiously and on a cost free basis any import licenses required for goods, supplies, materials, equipment, property, or funds imported under this Agreement, and will assist, where appropriate, in expediting their movement through port and transportation facilities and their clearance through customs.

4. The Government of Myanmar agrees to issue, renew and/or extend free of charge and in a timely manner all official permits, visas, exemptions and any other permissions (including all approvals as may be required from time to time to ensure full access to information, project sites and relevant offices) for (1) all personnel, except citizens and permanent residents of Myanmar, who the Government of the United States, or any agency thereof, employs (whether by direct hire, contract or other arrangement) or finances (whether by contract, grant or otherwise with any person or entity, including employees and consultants of contractors, grantees, and other organizations carrying out activities financed under this Agreement) and who are present in Myanmar to perform work in connection with this Agreement and (2) family members of such personnel forming part of their households. All such personnel and family members will be exempt from any medical testing generally required by the Government of Myanmar for the issuance of work permits and/or visas.

5. The Government of Myanmar agrees to issue, renew and/or extend free of charge and in a timely manner any other documentation necessary to facilitate the implementation of programs, projects, or activities funded under any assistance provided in connection with this Agreement, including, but not limited to, all documentation needed for registration of non-governmental organizations under the laws of Myanmar.

6. The provisions of this Article will apply also to assistance, funded by the Government of the United States, occurring in or transiting through Myanmar intended to assist regional organizations or activities in the region.

## ARTICLE 7
## INFORMATION AND PUBLICITY

1. The Government of Myanmar will communicate to the Government of the United States in a form and at intervals to be mutually agreed upon, including communicating about:

   (a) projects, programs, and operations carried on under this Agreement (including a statement of the use of funds, materials, equipment and services provided thereunder); and

(b) technical assistance which has been or is being requested of other countries or international organizations.

2. Not less frequently than once a year, the Parties will, in mutual consultation, make public in their respective countries periodic reports of the programs carried on pursuant to this Agreement. Such reports shall include information as to the use of funds, materials, equipment and services.

## ARTICLE 8
## FUNDS

1. Funds introduced into Myanmar for purposes of furnishing assistance hereunder shall be convertible into the currency of Myanmar only at the legal rate of exchange freely determined by prevailing market forces at the time of conversion.

2. The Parties will establish a procedure whereby funds allocated to or derived from any program or project assistance hereunder shall not be subject to any form of legal process, including but not limited to, attachment or seizure by any person or juridical entity in Myanmar, when the Government of Myanmar is advised by the Government of the United States that such legal process would interfere with the attainment of the objectives of any program or project assistance hereunder.

## ARTICLE 9
## SUSPENSION AND TERMINATION

1. In addition to the provisions of any arrangements agreed upon pursuant to Article 1, all or any part of any assistance program or project provided hereunder may be terminated or suspended by either of the Parties upon written notice to the other Party. Termination of such assistance under this paragraph may include the termination of deliveries of any commodities hereunder not yet delivered; provided, however, that termination or suspension of such assistance hereunder shall not affect irrevocable commitments to third parties.

2. This Agreement may be terminated 120 days after the receipt by either Party of a written termination notice from the other Party. Notwithstanding such termination, the provisions hereof shall remain in force with respect to assistance initiated before the termination.

## ARTICLE 10
## SETTLEMENT OF DISPUTES

The Parties shall strive to resolve amicably, under mutually agreed upon procedures, any differences relating to or arising out of the interpretation or application of this Agreement or any specific program or project arrangement hereunder.

## ARTICLE 11
## ENTRY INTO FORCE

This Agreement shall enter into force upon signature by authorized representatives of both Parties and shall remain in force until terminated by either Party in accordance with Article 9, paragraph 2. Upon entry into force, this Agreement shall supersede the Economic Cooperation Agreement between the Government of the United States of America and the Government of the Union of Burma, signed at Rangoon on March 21, 1957, as amended.

**IN WITNESS WHEREOF**, the undersigned, being duly authorized by their respective Governments, have signed this Agreement.

Signed at Nay Pyi Taw, in duplicate, this 27 day of June, 2013, in the English and Myanmar languages, each text being equally authentic.

FOR THE GOVERNMENT OF THE UNITED STATES OF AMERICA:

Mr. Derek J. Mitchell
Ambassador Extraordinary and Plenipotentiary

FOR THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR:

U Set Aung
Deputy Minister
Ministry of National Planning and Economic Development

**အမေရိကန် ပြည်ထောင်စု အစိုးရ**
**နှင့်**
**ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ**
**တို့အကြား**
**စီးပွားရေး နှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်**

**ဤ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်** (ဤ "သဘောတူစာချုပ်")သည် အမေရိကန် ပြည်ထောင်စု အစိုးရ ("အမေရိကန်အစိုးရ") နှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ ("မြန်မာအစိုးရ") တို့အကြားတွင် ချုပ်ဆိုသော စာချုပ်ဖြစ်ပြီး နှစ်နိုင်ငံလုံး အတူတကွဆိုလျှင် "စာချုပ်ဝင်များ" ဟူသော စကားရပ်ကို အသုံးပြုမည်ဖြစ်ပြီး တစ်နိုင်ငံစီကို သီးခြားဖော်ပြသည့်အခါ "စာချုပ်ဝင် "ဟူသောစကားရပ်ကို အသုံးပြုသွားမည် ဖြစ်သည်။

**သို့ဖြစ်ရာ ယခုအခါတွင်** ဤသဘောတူစာချုပ်တွင် ဖော်ပြထားသည့် အခွင့်အရေးများ နှင့် တာဝန်များ နှင့်အညီ နှစ်ဦးနှစ်ဖက်က အောက်ပါအတိုင်း သဘောတူညီကြပါသည်။

## အပိုဒ် (၁)
## သဘောတူစာချုပ်၏ နယ်ပယ်အတိုင်းအတာ

မြန်မာနိုင်ငံ၌ အမေရိကန်အစိုးရက ပံ့ပိုးပေးမည့် စီးပွားရေး၊ နည်းပညာ နှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ကူညီထောက်ပံ့မှု များတွင် အသုံးပြုရမည့် အထွေထွေ စည်းကမ်းချက်များကို ဤသဘောတူစာချုပ်တွင်ဖော်ပြထားသည်။ အဆိုပါ ကူညီထောက်ပံ့မှုများအား ပံ့ပိုးပေးခြင်းမှာ သက်ဆိုင်ရာ အမေရိကန် ဥပဒေများ၊ စည်းမျဉ်းများ နှင့်အညီသာ ဖြစ်စေရမည်။ အောက်တွင် ဆက်လက်ဖော်ပြထားသည့် တာဝန်များအား ဖော်ဆောင်ရန် အမေရိကန်အစိုးရကသတ်မှတ်လျာထားသည့်မြန်မာအစိုးရ၏လျော်ကန်သော လက်အောက်ခံ ဌာန သို့မဟုတ် ဌာနများမှ ကိုယ်စားလှယ်များက ဖြစ်စေ၊ အမေရိကန် ပြည်ထောင်စု အစိုးရက သတ်မှတ်လျာထားသည့် ဌာန သို့မဟုတ် ဌာနများမှ ကိုယ်စားလှယ်များက ဖြစ်စေ၊ အထက်တွင် ဖော်ပြခဲ့သော အစိုးရများက သတ်မှတ်လျာထားသော အခြား ကိုယ်စားလှယ်များက ဖြစ်စေ သဘောတူညီသော အစီအစဉ်များ နှင့်အညီ အဆိုပါ ကူညီထောက်ပံ့မှုများအား ရယူနိုင်သည်။ ကူညီထောက်ပံ့မှုကို အမေရိကန် အစိုးရ လက်အောက်ခံ ဌာနများ ဖြစ်စေ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ဖြစ်စေ၊ တစ်သီးပုဂ္ဂလများ ဖြစ်စေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်စေ၊ အများနှင့်သက်ဆိုင်သော နိုင်ငံတကာအဖွဲ့အစည်းများ

ဖြစ်စေ၊ အခြားထင်ရှားသော လူပုဂ္ဂိုလ် နှင့် အဖွဲ့အစည်းများဖြစ်စေ ပါဝင်ပတ်သက်နေသော အခြားအစီအစဥ်များဖြင့်လည်း ရယူနိုင်သည်။

## အပိုဒ် (၂)

## မြန်မာအစိုးရ၏ တာဝန်များ

မြန်မာအစိုးရသည် အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(၁) ဤသဘောတူစာချုပ် အရ ဆောင်ရွက်သော ကူညီထောက်ပံ့မှု အတွက် ရည်ရွယ်ချက်များကို ဖြည့်စွမ်းရာတွင် ယင်း၏အမှုထမ်းများ၊ လိုအပ်သည့် အထောက်အပံ့ပစ္စည်းများ၊ အဆောက်အအုံများ နှင့် အထွေထွေ စီးပွားရေး အခြေအနေများကို ခွင့်ပြုပေး၍ အပြည့်အဝ ပါဝင်ဆောင်ရွက်မည်။

(၂) ယင်းသို့သော ကူညီထောက်ပံ့မှုကို မလွဲမသွေ ထိရောက်စွာ အသုံးပြုရေး အတွက် လျော်ကန်သော အဆင့်များကို ဆောင်ရွက်သွားမည်။

(၃) သင့်တင့်သော နှုန်းထားများဖြင့် ဖြစ်စေ၊ သင့်တင့်သော စည်းကမ်းချက်များဖြင့် ဖြစ်စေ ဝယ်ယူနိုင်ရန်လည်းကောင်း၊ စီမံကိန်းများ ပြီးဆုံးသည့်အခါ ဤသဘောတူစာချုပ် အရ ပိုင်ဆိုင်ထားသော ပိုင်ဆိုင်မှုများကို အပြီးအပြတ် ဖယ်ရှားရှင်းလင်းခြင်း နှင့်စပ်လျဥ်းသည့် စိစစ်ဆုံးဖြတ်ချက်များ ပြုလုပ်သည့်အခါ နှစ်ဖက် သဘောတူညီချက်ပါ ဦးစားပေး ကိစ္စများ နှင့်အညီ ဆောင်ရွက်ရန် လည်းကောင်း၊ အမေရိကန်အစိုးရ နှင့် ပူးပေါင်း ဆောင်ရွက်မည်။

(၄) မည်သည့်အစီအစဥ် သို့မဟုတ် ငွေကြေးလွှဲပြောင်းမှုတစ်ခု၏ ကာလတာအတွင်း နှင့်တကွ ယင်း၏ နောက်ပိုင်း သုံးနှစ်တာအတွင်း အပါအဝင် ဤသဘောတူစာချုပ် အရ လည်းကောင်း၊ ယင်းနှင့် ပူးတွဲလျက်ရှိသော ဆိုင်ရာ မှတ်တမ်းမှတ်ရာများ အရ လည်းကောင်း၊ အကျုံးဝင်သည့် အစီအစဥ်များနှင့် လုပ်ငန်းများအတွက် ယင်းနှင့် သက်ဆိုင်သည့် အခွင့်အရေးများ အပါအဝင် အောက်ဖော်ပြပါ ကိစ္စတို့ကို အမေရိကန် အစိုးရ ကိုယ်စားလှယ်များက စဥ်ဆက်မပြတ် စောင့်ကြည့်အကဲခတ်ခြင်း နှင့် ပြန်လည် သုံးသပ်ခြင်းများကို မည်သည့် တားဆီးကန့်သတ်ချက်မျှ မရှိဘဲ ခွင့်ပြုမည်။

(က) ဤသဘောတူစာချုပ် အလို့ငှာ အမေရိကန် အစိုးရ၏ ငွေကြေးထောက်ပံ့မှု ဖြင့် ဝယ်ယူထားသော ပစ္စည်းကို စစ်ဆေးခြင်း နှင့်

(ခ) ဤသဘောတူစာချုပ် အလို့ငှာ ပေးအပ်ထားသော ရန်ပုံငွေများ နှင့် အမေရိကန် အစိုးရ၏ ငွေကြေး ထောက်ပံ့မှုဖြင့် ဝယ်ယူထားသော ပစ္စည်း သို့မဟုတ် ကန်ထရိုက် ဝန်ဆောင်မှု လုပ်ငန်းများ နှင့် စပ်လျဉ်းသည့် မှတ်တမ်းများ နှင့် ငွေစာရင်းများကို စစ်ဆေးခြင်း နှင့် စာရင်းစစ်ခြင်းတို့ ဖြစ်သည်။

(၅) ဤသဘောတူစာချုပ်အရ ပူးပေါင်းဆောင်ရွက်သော နည်းပညာပိုင်းဆိုင်ရာ ကူညီ ထောက်ပံ့မှု အစီအစဉ်များ နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို အညီအမျှ ခွဲဝေ ကျခံရမည်ဖြစ်ပြီး အဆိုပါ ကုန်ကျစရိတ်ကို ငွေသားဖြင့်သော် လည်းကောင်း၊ ကုန်ပစ္စည်းဖြင့်သော် လည်းကောင်း၊ နှစ်မျိုးစလုံးဖြင့်သော် လည်းကောင်း ကျခံရန် သဘောတူညီသည်။

(၆) မြန်မာနိုင်ငံတွင် ဆောင်ရွက်လျှက်ရှိသော နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကို အပြည့်အဝ ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ပေါင်းစပ်ခြင်းကို ဖြစ်နိုင်သမျှ အမြင့်ဆုံး အတိုင်းအတာဖြင့် ကြိုးပမ်းဆောင်ရွက်လျှက် ယင်းသို့သော အစီအစဉ်များတွင် ပါဝင် ဆောင်ရွက်လျှက်ရှိသော အခြားနိုင်ငံများနှင့် နည်းပညာပိုင်းဆိုင်ရာ အသိပညာ နှင့် ကျွမ်းကျင်မှုများ အပြန်အလှန်ဖလှယ်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်။

## အပိုဒ် (၃)

## အထူးငွေစာရင်း

(၁) မည်သည့် အခြေအနေတွင်မဆို ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းများ အား ထောက်ပံ့ကြေး အခြေခံစနစ်ဖြင့် ပေးအပ်ထားသော ယင်းသို့သော ကုန်ပစ္စည်း များကို ဖြစ်စေ၊ ဝန်ဆောင်မှု လုပ်ငန်းများကို ဖြစ်စေ တင်သွင်းခြင်း သို့မဟုတ် ရောင်းချခြင်းမှ ဒေသသုံး ငွေကြေးဖြင့် မြန်မာအစိုးရက ရရှိလာမည့် အစီအစဉ်များဖြင့် ဆောင်ရွက်ထားလျှင် ဤစာချုပ် အပိုဒ် ၁ တွင် ဖော်ပြထားသော ကိုယ်စားလှယ်များက အခြားနည်းဖြင့် ဆောင်ရွက်ရန် အပြန်အလှန် သဘောတူညီထားသည့် အခြေအနေ မှအပ ကျန်အခြေအနေများတွင် မြန်မာအစိုးရသည် ယင်း၏အမည်ဖြင့် သင့်လျော် သည့် ဘဏ်ငွေစာရင်းတစ်ရပ်ကို ဖွင့်လှစ်ပြီး ရောင်းရငွေများနှင့် ညီမျှသည့်ဒေသသုံး ငွေကြေးပမာဏကို အဆိုပါ အထူးငွေစာရင်းထဲသို့ မဆိုင်းမတွ ထည့်သွင်းရမည်။

(၂) အမေရိကန်အစိုးရ၏ ဒေသသုံးငွေကြေးလိုအပ်ချက်များ နှင့်စပ်လျဉ်း၍ အဆိုပါအစိုးရ က အခါအားလျော်စွာ အကြောင်းကြားသည့်အခါ အထူးငွေစာရင်းထဲရှိ မည်သည့် လက်ကျန်ငွေထဲမှမဆို အဆိုပါအကြောင်းကြားလွှာများတွင် ယင်းသို့သော လိုအပ်ချက်

များ အတွက် လိုအပ်သည့် ငွေပမာဏကို အမေရိကန် အစိုးရက မေတ္တာရပ်ခံသည့် နည်းဖြင့် ရရှိနိုင်အောင် မြန်မာအစိုးရက ဆောင်ရွက်ပေးမည်။

(၃) ဤသဘောတူစာချုပ် အပိုဒ် ၁ တွင် ဖော်ပြထားသည့် ကိုယ်စားလှယ်များက အခါ အားလျော်စွာ သဘောတူညီထားသည့် မြန်မာနိုင်ငံ အတွက် အကျိုးရှိမည့် ရည်ရွယ်ချက် များအတွက် အထူးငွေစာရင်းထဲမှ ကျန်ရှိနေသော မည်သည့် လက်ကျန်ငွေကိုမဆို မြန်မာအစိုးရက ထုတ်ယူနိုင်သည်။

(၄) ဤသဘောတူစာချုပ် အရ မြန်မာအစိုးရအား ပေးအပ်သည့် ကူညီထောက်ပံ့မှု ပြီးဆုံး သွားသည့်အခါ အထူးငွေစာရင်းတွင် ကျန်ရှိနေဆဲ ပေးချေရန် တာဝန်ကင်းသည့် မည်သည့် ဘဏ္ဍာငွေ လက်ကျန်ကိုမဆို အထက်တွင် ဖော်ပြခဲ့သော စာချုပ်ဝင် ကိုယ်စားလှယ်များက သဘောတူထားသည့် ရည်ရွယ်ချက်များ အတွက် အပြီးအပြတ် စာရင်းရှင်းလင်းရမည်။

## အပိုဒ် (၄)

## အထူးတာဝန်ထမ်းဆောင်ရသောအဖွဲ့

မြန်မာအစိုးရသည် အမေရိကန်အစိုးရထံမှ အထူး တာဝန်ထမ်းဆောင်ရသောအဖွဲ့ (“အထူး မစ်ရှင်အဖွဲ့”) တစ်ဖွဲ့ကို လက်ခံရမည်။ ဤအထူးမစ်ရှင် အဖွဲ့သည် အမေရိကန်သံရုံး ပရိဝုဏ်အတွင်း၌ ဖြစ်စေ ၊ သီးခြားတစ်နေရာတွင် ဖြစ်စေ တည်ရှိသော ရုံးများ၌ ဤသဘောတူ စာချုပ်အရ ယင်း၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ပြီး အကောင်အထည် ဖော်နိုင်သည်။ မည်သည့် နေရာတွင် ရုံးစိုက်သည် ဖြစ်စေ အဆိုပါ အထူးမစ်ရှင် အဖွဲ့သည် အမေရိကန် ပြည်ထောင်စု သံတမန်အဖွဲ့၏ ဥပစာ၊ ပစ္စည်းနှင့်မော်ကွန်းများအား ပေးအပ်ထားသော အထူး အခွင့်အရေးများ နှင့် ကင်းလွတ်ခွင့်များကို ခံစားစေရမည်။ ယင်းတွင် ဥပမာအားဖြင့် ဥပစာ၊ ပစ္စည်း နှင့် မော်ကွန်းများအား ချိုးဖောက်ပျက်ယွင်းမှု မရှိသည့် လေးစားလိုက်နာမှု နှင့် လွတ်လပ်သော ဆက်သွယ်ရေး၊ အထူးအခွင့်အရေးများ ပါဝင်သည်။

## အပိုဒ် (၅)

## ကင်းလွတ်ခွင့်များ

(၁) ဤသဘောတူစာချုပ် နှင့်စပ်လျဉ်းသည့် လုပ်ငန်းရပ်ကိုဆောင်ရွက်ရန် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အမေရိကန်အစိုးရ၏ အမှုထမ်းများ (နှင့်၎င်းတို့၏ အိမ်ထောင်စုဝင်

များ ဖြစ်ကြသော ၎င်းတို့၏ မိသားစုဝင်များ)သည် သံတမန်ဆက်ဆံရေးများ နှင့် စပ်လျဉ်းသော ၁၉၆၁ ခုနှစ် ဗီယင်နာ ကွန်ဗင်းရှင်း သဘောတူစာချုပ်ပါ နိုင်းယှဉ်နိုင်သော ရာထူးအဆင့်အလိုက် သံရုံးဝန်ထမ်းအား အပ်နှင်းထားသော သံတမန်ကိုယ်စားလှယ်များအား ပေးအပ်ထားသော ညီမျှသော အထူးအခွင့်အရေးများ နှင့် ကင်းလွတ်ခွင့်များကို ခံစားခွင့်ရှိစေရမည်ဟု အမေရိကန် အစိုးရနှင့် မြန်မာအစိုးရတို့က သဘောတူညီကြသည်။ အခြားသဘောတူညီချက်များ အရ အဆိုပါ ဝန်ထမ်းများအား အပ်နှင်းထားသော အထူးအခွင့်အရေးများ နှင့် ကင်းလွတ်ခွင့်များကို ဤသဘောတူညီချက်ပါ မည်သည့်အချက်ကမျှ နုတ်ပယ်ခြင်း မရှိစေရ။

(၂) စာပိုဒ် ၁ အရ ဖော်ပြထားသော ကင်းလွတ်ခွင့်များမှာ မြန်မာနိုင်ငံသားများ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သူများ အတွက် သက်ရောက်ခြင်း မရှိစေရ။

(၃) စာပိုဒ် ၁ အရ ဖော်ပြထားသော ကင်းလွတ်ခွင့်များကို ထိခိုက်နစ်နာမှု မရှိစေဘဲ အဆိုပါ စာပိုဒ်အရ အကျုံးဝင်သော အမှုထမ်းသည် မြန်မာနိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိသည်ဟု နားလည်ထားရမည်။

## အပိုဒ် (၆)

## အထူးအခွင့်အရေးများ နှင့် ကင်းလွတ်ချက်များ

ဤသဘောတူစာချုပ် နှင့်အညီ ပေးအပ်သော ကူညီထောက်ပံ့မှုမှ မြန်မာလူထု အတွက် အမြင့်မားဆုံး အကျိုးအမြတ်များ မလွဲမသွေ ရရှိစေရန် အလို့ငှာ ဤသဘောတူစာချုပ် အသက်ဝင်သည့် နေ့ရက်မတိုင်မီ ဖြစ်စေ၊ အဆိုပါ နေ့ရက်၏ နောက်ပိုင်းတွင် ဖြစ်စေ -

(၁) အမေရိကန်အစိုးရက ဖြစ်စေ၊ ဤသဘောတူစာချုပ်တွင် ဖော်ပြထားသော ကူညီထောက်ပံ့မှု၏ တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း၊ နှီးနွှယ်၍ သော်လည်းကောင်း အမေရိကန် အစိုးရက ဘဏ္ဍာငွေ ထောက်ပံ့ထားသော ( အငှားချထား ဆောင်ရွက်သူ ကန်ထရိုက်တာများနှင့် အထောက်အပံ့ခံများ အပါအဝင် ဖြစ်သော်လည်း ထိုသူများ အတွက်သာ ကန့်သတ်ထားခြင်း မဟုတ်ဘဲ ) မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် သီးခြား အဖွဲ့အစည်းက ဖြစ်စေ၊ မြန်မာနိုင်ငံတွင် ရယူသော သို့မဟုတ် အသုံးပြုသော မည်သည့် ကုန်ပစ္စည်း၊ ထောက်ပံ့ပစ္စည်း၊ ကိရိယာတန်ဆာပလာ၊ ပစ္စည်းဥစ္စာ၊ မြေယာ၊ အဆောက်အအုံ၊ ဝန်ဆောင်မှု၊ ဘဏ္ဍာငွေကြေးများသည် တန်ဘိုးဖြည့်စွက်ခွန်များ နှင့် အခြား အလားတူ စည်းကြပ်မှုများ အပါအဝင် အခွန်အခများ အားလုံးမှ ကင်းလွတ်ခွင့်

ရရှိသည်။ ယင်းသို့သော ကုန်ပစ္စည်း၊ ထောက်ပံ့ပစ္စည်း၊ ကိရိယာတန်ဆာပလာ၊ ပစ္စည်းဥစ္စာ၊ မြေယာ၊ အဆောက်အအုံ၊ ဝန်ဆောင်မှု၊ ရန်ပုံငွေများသည် အခွန်အကောက် အားလုံး၊ အကောက်ခွန်၊ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် အပ်နှံမှု လိုအပ်ချက်များ၊ အလားတူ စည်းကြပ်မှုများ နှင့်တကွ ငွေကြေး ထိန်းချုပ်မှုများမှလည်း ကင်းလွတ်ခွင့် ရရှိသည်။ ယင်းသို့သော ကုန်ပစ္စည်း၊ ထောက်ပံ့ပစ္စည်း၊ ကိရိယာတန်ဆာပလာ၊ ပစ္စည်းဥစ္စာ၊ မြေယာ၊ အဆောက်အအုံ၊ ဝန်ဆောင်မှု၊ ရန်ပုံငွေများကို မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့နိုင်သည် သို့မဟုတ် အခွန်စည်းကြပ်မှု မှ ကင်းလွတ်သော မြန်မာနိုင်ငံမှ အခြားလူတစ်ဦး သို့မဟုတ် သီးခြားအဖွဲ့အစည်း တစ်ခုထံသို့ ရောင်းချခြင်းသော် လည်းကောင်း၊ လွှဲပြောင်းပေးခြင်းသော် လည်းကောင်း ပြုလုပ်နိုင်သည်။ ယင်းသို့ တင်ပို့ခြင်းသော်လည်းကောင်း၊ ရောင်းချခြင်းသော်လည်းကောင်း၊ လွှဲပြောင်းခြင်းသော် လည်းကောင်း ပြုလုပ်သည့် အတွက် တန်ဘိုးဖြည့်စွက်ခွန် သို့မဟုတ် အခြား အလားတူ စည်းကြပ်မှုများ၊ အခွန်အကောက်များ၊ အကောက်ခွန်များ အပါအဝင် အခွန်အခများ အားလုံးမှ ကင်းလွတ်ခွင့် ရှိစေရမည်။ သို့ရာတွင် ယင်းသို့သော ကုန်ပစ္စည်း၊ ထောက်ပံ့ ပစ္စည်း၊ ကိရိယာ တန်ဆာပလာ၊ ပစ္စည်းဥစ္စာ၊ မြေယာ၊ အဆောက်အအုံ၊ ဝန်ဆောင်မှု၊ ရန်ပုံငွေများကို အခွန်စည်းကြပ်မှုမှ ကင်းလွတ်ခြင်း မရှိသော မြန်မာနိုင်ငံမှ အခြား လူတစ်ဦး သို့မဟုတ် သီးခြားအဖွဲ့အစည်းတစ်ခုထံသို့ ရောင်းချခြင်း (သို့မဟုတ်) လွှဲပြောင်းပေးခြင်း အတွက် သက်ဆိုင်ရာ အခွန်အကောက်ကို စည်းကြပ်နိုင်သည်။ ဤသဘောတူစာချုပ် နှင့်အညီ ပေးအပ်သော ကူညီထောက်ပံ့မှုအရ အမေရိကန် အစိုးရက ငွေကြေး ထောက်ပံ့ထားသော (ကန်ထရိုက်တာများ နှင့် အထောက်အပံ့ခံများ အတွက်သာ ကန့်သတ်ထားခြင်း မဟုတ်ဘဲ) မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် သီးခြား အဖွဲ့အစည်း အပေါ်တွင် ဤသဘောတူစာချုပ် အရ ဆောင်ရွက်သော လုပ်ငန်း ကိစ္စရပ်နှင့် ဆက်စပ်ပြီး (ဝင်ငွေ ၊ အကျိုးအမြတ် ၊ လုပ်ငန်း ၊ ငှားရမ်းခ၊ တန်ဖိုး ဖြည့်စွက်ခွန် အသားတင် ရရှိမှုများ၊ ရောင်းရငွေများ သို့မဟုတ် ပေးအပ်သော သီးခြား ဝန်ဆောင်မှု လုပ်ငန်းများ နှင့်အညီ ဖြစ်သော အခကြေးငွေများမှ တစ်ပါး အခြား အခွန် အကောက် အခကြေးငွေ ဖြစ်စေ) မည်သည့် အခွန်မျှ ကောက်ခံခြင်း မပြုရ။

(၂) အထက်ပါ အပိုဒ် ၅ (၁)တွင် အကျုံးဝင်သော အမှုထမ်းများအပြင် မြန်မာနိုင်ငံသားများ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သူများ မှအပ အမေရိကန် အစိုးရက (တိုက်ရိုက် ငှားရမ်းခြင်းဖြင့် ဖြစ်စေ၊ ပဋိညာဉ်စာချုပ် သို့မဟုတ် အခြား အစီအစဉ် တစ်ရပ်ရပ်ဖြင့် ငှားရမ်းခြင်းဖြင့် ဖြစ်စေ) ခန့်ထားသော သို့မဟုတ် (စာချုပ်ဖြင့် ဖြစ်စေ၊ ထောက်ပံ့ကြေးဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ လူတစ်ဦးတစ်ယောက် သို့မဟုတ်

သီးခြား အဖွဲ့အစည်းတစ်ခုခုအား) ငွေကြေး ထောက်ပံ့ထားပြီး ဤသဘောတူစာချုပ် နှင့် ဆက်စပ်သော အလုပ်တာဝန်ကို ဆောင်ရွက်ရန် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အခြားဝန်ထမ်းများအားလုံး(၎င်း၏အိမ်ထောင်စုဝင်များဖြစ်ကြသော ၎င်း၏မိသားစုဝင်များ) မှာ အောက်ပါအတိုင်း ကင်းလွတ်ခွင့် ရရှိကြသည် -

(က) ဤစာချုပ်အရ လုပ်ငန်းများကိုဆောင်ရွက်ရာမှ ရရှိသော ဝင်ငွေအပေါ် မြန်မာနိုင်ငံ၏ ဥပဒေများအရ စည်းကြပ်သော ဝင်ငွေခွန် နှင့် လူမှုဖူလုံရေး အခွန်များ၊

(ခ) အောက်ဖော်ပြပါ အခွန်များအနက် တစ်ခုခု (ရောင်းခွန် သို့မဟုတ် တန်ဖိုးဖြည့်ခွန် အတွက်သာ ကန့်သတ်မထားသော)-(၁) ၎င်းတို့ ကိုယ်ပိုင် အသုံးပြုရန် ရည်ရွယ်သော လုပ်ငန်းဝန်ဆောင်မှုများ သို့မဟုတ် ရန်ပုံငွေများ (၂) ၎င်းတို့ ကိုယ်ပိုင်အသုံးပြုရန်အတွက် နေအိမ်ငှားရမ်းခြင်းများ နှင့် (၃) ၎င်းတို့ ကိုယ်ပိုင် အသုံးပြုရန်(မော်တော်ယာဥ်များ အပါအဝင်) ပုဂ္ဂလိကပိုင်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ဝယ်ယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း၊ ရှင်းလင်းထုခွဲခြင်း နှင့် ယင်းသို့သော ပစ္စည်းများကို ဤသဘောတူစာချုပ်အရ ဖြစ်စေ၊ မြန်မာနိုင်ငံ ဥပဒေများအရ ဖြစ်စေ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊

(ဂ) ၎င်းတို့ကိုယ်ပိုင် အသုံးပြုရန် မြန်မာနိုင်ငံထဲသို့ တင်သွင်းလာသော ပုဂ္ဂလိက အသုံးအဆောင်များ (မော်တော်ယာဥ်များ အပါအဝင်) ကုန်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ ထောက်ပံ့မှု ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ရန်ပုံငွေများ နှင့်တကွ အခြားမည်သည့် ပုံသဏ္ဍာန် ဖြင့်မဆို စည်းကြပ်သည့် အခြားစည်းကြပ်ခွန်များ၊ အခွန်အခများ၊ ဤသဘောတူစာချုပ်အရ ဆောင်ရွက်သည့်လုပ်ငန်းများ ပြီးစီးသည့်အချိန်တွင် ယင်းသို့သော ပုဂ္ဂလိက အသုံးအဆောင်များ (မော်တော်ယာဥ်များအပါအဝင်)ကုန်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ ထောက်ပံ့မှုပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ရန်ပုံငွေများ၊ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့နိုင်သည် သို့မဟုတ် အခွန်စည်းကြပ်မှုမှ ကင်းလွတ်သော မြန်မာနိုင်ငံမှ အခြားလူတစ်ဦး သို့မဟုတ် သီးခြားအဖွဲ့အစည်းတစ်ခုထံသို့ ရောင်းချခြင်း သော်လည်းကောင်း၊ လွှဲပြောင်းပေးခြင်းသော် လည်းကောင်း ပြုလုပ်နိုင်သည်။ ယင်းသို့တင်ပို့ခြင်းသော် လည်းကောင်း၊ ရောင်းချခြင်းသော် လည်းကောင်း၊ လွှဲပြောင်းခြင်းသော် လည်းကောင်း ပြုလုပ်သည့်အတွက် တန်ဘိုးဖြည့်စွက်ခွန် သို့မဟုတ် အခြား အလားတူစည်းကြပ်မှုများ၊ အခွန်အကောက်များ၊ အကောက်ခွန်များ အပါအဝင် အခွန်အခများ အားလုံးမှ ကင်းလွတ်ခွင့် ရှိစေရမည်။ သို့ရာတွင် ယင်းသို့သော

ပုဂ္ဂလိကအသုံးအဆောင်များ(မော်တော်ယာဉ်များ အပါအဝင်) ကုန်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ ထောက်ပံ့မှုပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ရန်ပုံငွေများ အခွန်စည်းကြပ်မှုမှ ကင်းလွတ်ခြင်း မရှိသော မြန်မာနိုင်ငံမှ အခြားလူတစ်ဦး သို့မဟုတ် သီးခြား အဖွဲ့အစည်းတစ်ခုထံသို့ ရောင်းချခြင်း (သို့မဟုတ်) လွှဲပြောင်းပေးခြင်း အတွက် သက်ဆိုင်ရာ အခွန်အကောက်ကို စည်းကြပ်နိုင်သည်။

(၃) ဤသဘောတူစာချုပ် အရ တင်သွင်းလာသော ကုန်ပစ္စည်းများ၊ ထောက်ပံ့မှုပစ္စည်းများ၊ ပစ္စည်းပစ္စယများ၊ ကိရိယာတန်ဆာပလာ၊ ပစ္စည်း သို့မဟုတ် ရန်ပုံငွေများ အတွက် နိုင်ငံခြားမှတင်သွင်းခွင့်(လိုင်စင်များ)ကို မြန်မာအစိုးရက ထိရောက်မြန်ဆန်စွာသာမက ကုန်ကျစရိတ်ကင်းလွတ်သော အခြေခံစနစ်ဖြင့် ထုတ်ပေးပါမည်။ ထို့အပြင် လျော့ကန်သည့်အခါ ယင်းတို့အား ဆိပ်ကမ်းနှင့်သယ်ယူပို့ဆောင်ရေးနေရာဌာနများတွင် သယ်ယူရွေ့ပြောင်းရာ၌ လည်းကောင်း၊ ယင်းတို့အတွက် အကောက်ခွန် ရှင်းလင်းရာ၌ လည်းကောင်း ထိရောက် မြန်ဆန်ရေးအတွက် ပံ့ပိုးပေးမည်။

(၄) (၁) မြန်မာနိုင်ငံသားများ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သူများ မှအပ အမေရိကန် အစိုးရ သို့မဟုတ် ယင်း၏ကိုယ်စားလှယ် (တိုက်ရိုက်ငှားရမ်းခြင်းဖြင့် ဖြစ်စေ၊ ကန်ထရိုက် သို့မဟုတ် အခြားအစီအစဉ် တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ) ခန့်ထားသော သို့မဟုတ် (စာချုပ်ဖြင့်ဖြစ်စေ၊ ထောက်ပံ့ကြေးဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ကန်ထရိုက်တာများ၏ ဝန်ထမ်းများ၊ အတိုင်ပင်ခံများ၊ အထောက်အပံ့ခံများ နှင့် ဤသဘောတူစာချုပ်အရ ဘဏ္ဍာငွေ ထောက်ပံ့ထားသော လုပ်ငန်း ကိစ္စများကို ဆောင်ရွက်လျှက် ရှိသော အခြားအဖွဲ့အစည်းများ အပါအဝင် လူတစ်ဦးတစ်ယောက် သို့မဟုတ် သီးခြားအဖွဲ့အစည်းတစ်ခုခုအား) ငွေကြေးထောက်ပံ့ထားပြီး ဤသဘောတူစာချုပ် နှင့် ဆက်စပ်သော အလုပ်တာဝန်ကို ဆောင်ရွက်ရန် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အမှုထမ်းများ အားလုံးနှင့် (၂) ယင်းတို့၏ အိမ်ထောင်စုများမှ တစ်စိတ်တစ်ပိုင်း ဖြစ်သော ထိုအမှုထမ်းများ၏ အိမ်ထောင်ဖက် များအတွက် အားလုံးသော တရားဝင် ခွင့်ပြုချက်များ၊ ပြည်ဝင်ခွင့် ဗီဇာများ၊ ကင်းလွတ်ခွင့်များနှင့် (သတင်းအချက်အလက်၊ စီမံကိန်း တည်ရှိရာများနှင့် သက်ဆိုင်ရာ ရုံးများသို့ အခါအားလျော်စွာ အပြည့်အဝ သွားရောက်ကြည့်ရှု အသုံးပြုနိုင်သော အခွင့်အလမ်း ရရှိရန် လိုအပ်သော သဘောတူ ခွင့်ပြုချက်များအားလုံးအပါအဝင်)အခြားမည်သည့် ခွင့်ပြုချက်များကိုမဆို အခမဲ့ နှင့် အချိန်မီ ထုတ်ပေးရန်ဖြစ်စေ၊ အသစ် လဲလှယ်ရန်ဖြစ်စေ၊ သက်တမ်းတိုးရန်

ဖြစ်စေ၊ မြန်မာအစိုးရက သဘောတူသည်။ အဆိုပါ အမှုထမ်းများ နှင့် မိသားစုဝင်များသည် အလုပ်လုပ်ခွင့်များ နှင့် သို့မဟုတ် ပြည်ဝင်ခွင့် ဗီဇာများ ထုတ်ပေးရန်အတွက် မြန်မာအစိုးရက ယေဘုယျအားဖြင့် လိုအပ်သည်ဟု ပြဋ္ဌာန်းထားသော ကျန်းမာရေး စစ်ဆေးမှု တစ်ခုခုမှ ကင်းလွတ်ခွင့် ရရှိပါသည်။

(၅) မြန်မာနိုင်ငံဥပဒေများ နှင့်အညီ အစိုးရမဟုတ်သော အဖွဲ့အစည်းများ မှတ်ပုံတင်ရန်အတွက်လိုအပ်သောစာရွက်စာတမ်းများကိုကန့်သတ်ထားခြင်းမဟုတ်ဘဲ ဤသဘောတူစာချုပ်နှင့်ဆက်စပ်ပြီး ပေးအပ်သော ကူညီထောက်ပံ့မှုများဖြင့် ထောက်ပံ့ထားသော အစီအစဉ်များ၊စီမံကိန်းများ၊လုပ်ငန်းရပ်များကိုအကောင်အထည်ဖော်ရာတွင်အဆင်ပြေချောမွေ့စေရေး အတွက် လိုအပ်သော အခြားမည်သည့် စာရွက်စာတမ်းကိုမဆို အခမဲ့ နှင့် အချိန်မီ ထုတ်ပေးရန်ဖြစ်စေ၊ အသစ်လဲလှယ်ရန် ဖြစ်စေ၊ သက်တမ်းတိုးရန် ဖြစ်စေ မြန်မာအစိုးရက သဘောတူသည်။

(၆) ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များသည် ဒေသဆိုင်ရာ အဖွဲ့အစည်းများကိုဖြစ်စေ၊ ဒေသတွင်းမှလုပ်ငန်းရပ်များကိုဖြစ်စေထောက်ပံ့ကူညီရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံတွင်ဆောင်ရွက်လျှက်ရှိသော သို့မဟုတ် မြန်မာနိုင်ငံ မှတစ်ဆင့် ကူးပြောင်း ဖြတ်သန်းသွားသော အမေရိကန် အစိုးရက ဘဏ္ဍာငွေ ထောက်ပံ့သည့် ကူညီထောက်ပံ့မှု အပေါ်တွင်လည်း သက်ရောက်သည်။

## အပိုဒ် (၇)

## သတင်းအချက်အလက်နှင့်အများသိရှိအောင်ဆောင်ရွက်မှု

(၁) အောက်ဖော်ပြပါ အကြောင်းအရာများကို ဆက်သွယ်အသိပေး ပြောကြားခြင်းတို့အပါအဝင် မြန်မာအစိုးရသည် နှစ်ဦးနှစ်ဘက်သဘောတူညီထားသော ပုံစံနှင့် ကြားကာလများခြားလျှက် အမေရိကန်အစိုးရနှင့် အပြန်အလှန် ဆက်သွယ်အသိပေးသွားမည် -

(က) (ဤသဘောတူ စာချုပ်တွင် ဖော်ပြထားသော ရန်ပုံငွေများ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ဝန်ဆောင်မှုများအားအသုံးပြုမှုနှင့်စပ်လျဉ်းသော ဖော်ပြချက်များအပါအဝင်) ဤသဘောတူ စာချုပ်အရ ဆောင်ရွက်သော စီမံကိန်းများ၊ အစီအစဉ်များ၊ လုပ်ငန်းများ နှင့်

(ခ) အခြားနိုင်ငံများကဖြစ်စေ၊ နိုင်ငံတကာ အဖွဲ့အစည်းများက ဖြစ်စေ မေတ္တာရပ်ခံထားသော သို့မဟုတ် မေတ္တာရပ်ခံနေသော နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှု၊

(၂) ဤစာချုပ် နှင့်အညီ တစ်နှစ်တစ်ကြိမ်ထက် မနည်းစေဘဲ စာချုပ်ဝင်များသည် အပြန်အလှန် တိုင်ပင်ညှိနှိုင်းမှုဖြင့် ဆောင်ရွက်သော အစီအစဉ်များ နှင့်စပ်လျဉ်းသည့် ပုံမှန်အစီရင်ခံစာများကို သက်ဆိုင်ရာ နိုင်ငံများတွင် လူသိရှင်ကြား ထုတ်ပြန်ပါမည်။ ယင်းအစီရင်ခံစာများတွင် ရန်ပုံငွေများ၊ ပစ္စည်းပစ္စယများ၊ ကိရိယာတန်ဆာ ပလာများ နှင့်ဝန်ဆောင်မှုများကို အသုံးပြုမှု နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပါဝင်ရမည်။

## အပိုဒ် (၈)

## ရန်ပုံငွေများ

(၁) ဤသဘောတူစာချုပ်အရ ကူညီထောက်ပံ့မှုပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံသို့ စတင်တင်သွင်းလာသော ရန်ပုံငွေများကို မြန်မာငွေကြေးအဖြစ်သို့ ပြောင်းလဲချိန်တွင် အမေရိကန် အစိုးရအတွက် လက်ရှိငွေကြေးဈေးကွက်အရ လွတ်လပ်စွာ ဆုံးဖြတ်ထားသော ငွေလဲနှုန်းဖြင့် လဲလှယ်အသုံးပြုရမည်။

(၂) ဤသဘောတူစာချုပ်အရ ကူညီထောက်ပံ့မှု အစီအစဉ် သို့မဟုတ် စီမံကိန်း အတွက် လျာထားသော သို့မဟုတ် ယင်းတို့မှ ရရှိသော ရန်ပုံငွေများကို မြန်မာနိုင်ငံမှ မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် တရားစီရင်ရေး နှင့်စပ်လျဉ်းသည့် သီးခြားအဖွဲ့အစည်း တစ်ခုခုက ထိန်းသိမ်းထားခြင်း သို့မဟုတ် သိမ်းဆည်းခြင်း အပါအဝင် ဖြစ်သော်လည်း ယင်းတို့ချည်း အတွက်သာ ကန့်သတ်ထားခြင်း မဟုတ်ဘဲ မည်သည့် တရားရေး လုပ်ငန်းစဉ် ပုံစံနှင့်မျှမသက်ဆိုင်စေရဟူသော လုပ်ထုံးလုပ်နည်း တစ်ရပ်ကို စာချုပ်ဝင်များက သတ်မှတ်ရမည်။ ဤသဘောတူ စာချုပ်အရ ကူညီထောက်ပံ့မှု အစီအစဉ် သို့မဟုတ် စီမံကိန်း၏ ရည်ရွယ်ချက်များကို ဖော်ဆောင်ခြင်းအား ယင်းသို့သော တရားရေး လုပ်ငန်းစဉ်က စွက်ဖက်နှောင့်ယှက်လိမ့်မည်ဟု အမေရိကန် အစိုးရက မြန်မာအစိုးရ အားအကြောင်းကြားသည့်အခါတွင် ဖြစ်သည်။

## အပိုဒ် (၉)

## ဆိုင်းငံ့ခြင်းနှင့် ပြီးဆုံးခြင်း

(၁) အပိုဒ်(၁) နှင့်အညီ သဘောတူညီထားသည့် ကန့်သတ်ချက်များ အပြင် ဤသဘောတူစာချုပ်အရ ပေးအပ်သော ကူညီထောက်ပံ့မှု သို့မဟုတ် စီမံကိန်းတစ်ခုလုံးကို ဖြစ်စေ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ စာချုပ်ဝင်တစ်ဦးက အခြားတစ်ဦးထံ အကြောင်းကြားစာ

ရေးသား၍ ရပ်ဆိုင်းနိုင်သည် သို့မဟုတ် ဆိုင်းငံ့နိုင်သည်။ ဤစာပိုဒ်အရ ယင်းသို့သော ကူညီထောက်ပံ့မှုရပ်ဆိုင်းခြင်းတွင် လွှဲပြောင်းပေးအပ်ခြင်းမပြုရသေးသော ကုန်ပစ္စည်းများအား လွှဲပြောင်း ပေးအပ်ခြင်းများ ပါဝင်သည်။ သို့ရာတွင် ဤသဘောတူ စာချုပ်အရ ယင်းကဲ့သို့သော ကူညီထောက်ပံ့မှု ရပ်ဆိုင်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းသည် တတိယ အင်အားစုများအား ပေးအပ်ထားသော ပြန်လည်ရုပ်သိမ်းခြင်း မပြုနိုင်သည့် ကတိကဝတ်များကို မထိခိုက်စေရ။

(၂) စာချုပ်ဝင်တစ်ဦးက စာဖြင့်ရေးသားထားသော ရပ်ဆိုင်းမှုအကြောင်းကြားစာကို အခြားစာချုပ်ဝင်ကလက်ခံရရှိပြီးနောက် ရက်ပေါင်း၁၂၀အကြာတွင် ဤသဘောတူစာချုပ်ကို ရပ်ဆိုင်းရမည်။ ယင်းသို့ရပ်ဆိုင်းသော်လည်း ဤသဘောတူစာချုပ် နှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ၊ ရပ်ဆိုင်းခြင်း မတိုင်မီ အစပျိုးခဲ့သော ထောက်ပံ့ ကူညီမှုများသည် ဆက်လက်တည်နေစေရမည်။

## အပိုဒ် (၁၀)

## အငြင်းပွားမှုများကို ဖြေရှင်းခြင်း

ဤသဘောတူစာချုပ် သို့မဟုတ် ဤစာချုပ်တွင်ပါဝင်သော သီးခြားအစီအစဉ်တစ်ခုခု သို့မဟုတ် စီမံကိန်းတစ်ခုခုကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် ကျင့်သုံးခြင်း နှင့် ဆက်စပ်၍ သို့မဟုတ် ပေါ်ပေါက်လာသော အငြင်းပွားမှု မှန်သမျှကို နှစ်ဦးနှစ်ဖက် သဘောတူထားသည့် လုပ်ထုံးလုပ်နည်းများဖြင့် ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းနိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

## အပိုဒ် (၁၁)

## အာဏာတည်ခြင်း

ဤသဘောတူစာချုပ်သည် နှစ်ဦးနှစ်ဖက်က အခွင့်အာဏာ လွှဲအပ်ခြင်း ခံရသော ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးသည့် အချိန်တွင် အာဏာသက်ရောက်မည် ဖြစ်ပြီး စာချုပ်ဝင် တစ်ဦးဦးက အပိုဒ် ၉၊ စာပိုဒ် ၂ နှင့်အညီ ရပ်ဆိုင်းသည့် နေ့အထိ ဆက်လက်အာဏာ တည်နေစေရမည် ဖြစ်ပြီး ဤသဘောတူစာချုပ် အာဏာတည်သွားချိန်တွင် ၁၉၅၇ ခုနှစ် မတ်လ ၂၁ ရက်နေ့က ရန်ကုန်မြို့တွင် အမေရိကန် ပြည်ထောင်စု အစိုးရ နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပြင်ဆင်ထားသည့် သဘောတူစာချုပ်ကို အစားထိုးရမည်။

အသိသက်သေများရှေ့မှောက်တွင် အောက်ပါ လက်မှတ်ရေးထိုးကြသည့် သက်ဆိုင်ရာ အစိုးရများက ထိုက်တန်စွာ အခွင့်အာဏာလွှဲအပ်ထားသူ ကိုယ်စားလှယ်များက ဤသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးကြပါသည်။

စာသားများအားလုံး ညီတူညီမျှ စစ်မှန်သော အင်္ဂလိပ် နှင့် မြန်မာ နှစ်ဘာသာဖြင့် မိတ္တူ နှစ်စောင်ကို နေပြည်တော်တွင် ယနေ့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုး ကြပါသည်။

အမေရိကန်ပြည်ထောင်စုအစိုးရ
ကိုယ်စား

မစ္စတာ ဒဲရက် ဂျေ မစ်ချဲလ်
အထူးအာဏာကုန် လွှဲအပ်ခြင်း ခံရသော
သံအမတ်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကိုယ်စား

ဦးဆက်အောင်
ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်း နှင့် စီးပွားရေး
ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန